[illegible]

**Karenni National Progressive Party (KNPP)**

**Headquarters**

P. O. Box 6, A. Muang, Mae Hong Son 58000, Thailand; Email: knpphq2013@gmail.com

Mobile phone: G.S. +66(0) 8 9553 1296, S.1 +66(0) 6 1313 7004, S.2 +66(0) 6 3074 9087

## စစ်ကောင်စီ၏ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှု ကမ်းလှမ်းချက်အပေါ် သဘောထား ထုတ်ပြန်ချက်အမှတ် (၀၂/၂၀၂၂)

၁။ ၂၀၂၂ခုနှစ်၊ ဧပြီလ (၂၂) ရက်နေ့တွင် စစ်ကောင်စီအကြီးအကဲ၏ မြင်သံကြားမှ တဆင့် ဖိတ်ခေါ်မှုအရ သော်လည်းကောင်း၊ ၂၀၂၂ ခုနှစ်၊ မေလ (၂) ရက်နေ့တွင် စစ်ကောင်စီ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီမှ ပေးပို့လာသည့် ထပ်ဆင့်အသိပေးဖိတ်ခေါ်စာအရ သော်လည်းကောင်း တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများသို့ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရန်ဖိတ်ခေါ်မှုသည် တနိုင်ငံလုံးလွှမ်းခြုံသည့် တွေ့ဆုံဆွေးနွေးမှု မဖြစ်သကဲ့သို့ လက်ရှိဖြစ်နေသည့် နိုင်ငံ၏ နိုင်ငံရေးအကြပ်အတည်းများကို ဖြေရှင်းနိုင်ရန် ကြိုးပမ်းဖော်ထုတ်မှု မဟုတ်သဖြင့် ဤဖိတ်ခေါ်မှုသည် တွေ့ဆုံဆွေးနွေးရန်အတွက် အချိန်ကောင်း မဟုတ်ပေ။

၂။ စစ်ကောင်စီအနေဖြင့် စစ်မှန်သော ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအား စိတ်ရင်းစေတနာအမှန်ဖြင့် တည်ဆောက်လိုသည့် နိုင်ငံရေးအာသီသရှိမည်ဆိုပါက ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအား အတူတကွ လက်တွဲဆောင်ရွက်ရန်အတွက် သဘောတူလက်ခံထားသော အင်အားစုအားလုံးတို့ကို ဖိတ်ခေါ်ညှိနှိုင်းသွားမှသာ လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် နိုင်ငံရေးအကြပ်အတည်းအတွက် လမ်းပွင့်သွားစေမည်ဖြစ်သည်။

၃။ သို့ဖြစ်ပါ၍ လက်ရှိနိုင်ငံရေးအကြပ်အတည်းများကို ဖြေရှင်းနိုင်ရန် တာဝန်ခံမှု၊ တာဝန်ယူမှု အပြည့်ဖြင့် တိုင်းပြည်နှင့် လူထု၏ မျက်နှာအား မျက်မှောက်ပြုလျှက် ပါဝင်သင့် ပါဝင်ထိုက်သော အင်အားစုများ ပါဝင်သည့် တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်စေရန် အောက်ပါအတိုင်း တောင်းဆိုပါသည်။

(က) လက်ရှိစစ်တပ်၏ ဒေသအသီးသီးသို့ ထိုးစစ်ဆင်နေမှုများအား ချွတ်ယွင်းချက်မရှိ အမြန်ဆုံး ရပ်တန့်ရန်နှင့် စစ်အင်အား ဖြည့်ဆည်းနေမှုများအား ချက်ချင်းရုပ်သိမ်းသွားရန်၊

(ခ) စစ်ဆင်ရေးကြောင့် အတိဒုက္ခရောက်နေကြရသည့် စစ်ဘေးရှောင်ပြည်သူများအား ကုလသမဂ္ဂအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာလူမှုအကူအညီပံ့ပိုးမှုများကို ဆောင်ရွက်နေသော အဖွဲ့အစည်းများအား တရားဝင် လွတ်လပ်စွာ ပံ့ပိုးကူညီရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုရန်၊

(ဂ) မတရားညှင်းဆဲ သတ်ဖြတ်ခြင်းကြောင့် အသက်ဆုံးရှုံးသွားရသည့် လူထုများအတွက် စစ်ကောင်စီမှ ကျူးလွန်သူများအား တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် ဥပဒေကြောင်းအရ အရေးယူရန် တောင်းဆိုအပ်ပါသည်။

ပါတီဗဟိုကော်မတီ
ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

၂၀၂၂ခုနှစ်၊ မေလ (၅) ရက်